## ၈။ သီးလုံးထိုးပိုး

**Castor capsule borer: *Conogethes punctiferalis* (Guenee, 1854)**

**Lepidoptera: Crambidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**




အရွယ်ရောက်အကောင်ကြီး၏အတောင်ပံသည် အဝါရောင်ရှိပြီး ရင်အုပ်ပိုင်း၊ ဝမ်းဗိုက်ပိုင်း နှင့် တောင်ပံများပေါ်တွင် အနက်ရောင်အစက်များပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ကျရောက်ဖျက်ဆီးခံရပါက ခေါင်ညွှန့်သေခြင်းများတွေ့ရသည်။ အသီးများတွင် အရောင်ပျက်ခြင်း၊ သီးကင်းများကြွေကျခြင်း စသည့်လက္ခဏာများတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– ( ၃-၄ )** ရက် |
| လောက်ကောင် အဆင့် | –(၁၇)ရက် |
| ရုပ်ဖုံး အဆင့် | **– (၁၁)** ရက် |
| အကောင်ကြီး အဆင့် | –(၈-၉)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပင်ကြွင်းပင်ကျန်များကို ရှင်းလင်းပါ။

(၂) အလင်းရောင်ထောင်ချောက်များတပ်ဆင်အသုံးပြုပါ။

(၃) အဖိုဆွဲဆောင်ထောင်ချောက်များအသုံးပြုဖမ်းယူပါ။

(၄)ထိသေ၊စားသေ ပိုးသတ်ဆေးတမျိုးမျိုးကိုဆေးအညွှန်း အတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဆိုင်ပါမီသရင် (Cypermethrin)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-Cyhalothrin)
- ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)